BURMESE WOMEN'S UNION
P.O Box 40, Mae Rim, Chiang Mai 50180, Thailand/Phone: 66 53 862 363

# အမျိုးသားပညာရေးဥပဒေပြုပြင်ပြောင်းလဲရေးအတွက် ကျောင်းသူ၊ ကျောင်းသားများ၏ ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုမှုအပေါ် မြန်မာ့အမျိုးသမီးသမဂ္ဂ၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ - (၂၇) ရက် ဇန်နဝါရီလ၊ ၂၀၁၅

အနာဂတ်တွင် ငြိမ်းချမ်းတည်ငြိမ်၍ ကျားမတန်းတူညီမှုရှိသော ဒီမိုကရက်တစ်မြန်မာနိုင်ငံ ပေါ်ထွန်းရေးအတွက် ပညာရေးစနစ်သည် အခရာကျသော မဏ္ဍိုင်တရပ်ဖြစ်သည်။ ဒီမိုကရေစီပညာရေးစနစ် ဖန်တီးနိုင်မှသာလျှင် ထိုပညာရေးစနစ်မှတဆင့် အနာဂတ်တွင် တိုင်းရင်းသား လူမျိုးဘာသာမရွေး၊ ကျားမမရွေး တိုင်းပြည်တိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းပါဝင် အားဖြည့်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီပညာရေးကို ကိုယ်စားပြုမှုမရှိသော လက်ရှိ အမျိုးသားပညာရေးဥပဒေအား ပြုပြင်ပြောင်းလဲရန် ကျောင်းသူ၊ ကျောင်းသားများ၏ ငြိမ်းချမ်းစွာဆန္ဒပြလှုပ်ရှားမှုအပေါ် မိမိတို့မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ အပြည့်အဝထောက်ခံသည်။

ထို့ပြင် မြန်မာနိုင်ငံတဝှမ်းရှိ ကျောင်းသူ၊ကျောင်းသား လူငယ်များ၏ ကောင်းမွန်သော အနာဂတ်ဒီမိုကရေစီပညာရေးစနစ် ရရှိခံစားရရေးအတွက် ကြောက်ရွံ့ခြင်းကင်းစွာ အနယ်နယ်အရပ်ရပ်မှ ကျောင်းသူ၊ ကျောင်းသားများ၏ မဆုတ်မနစ် ရဲရဲတောက် ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြတောင်းဆိုမှုအပေါ် မိမိတို့မှ ဂုဏ်ယူအားပေးပါသည်။

ကျောင်းသူ၊ ကျောင်းသားများ တောင်းဆိုသော အချက် (၁၁) ချက်သည် အနာဂတ်မြန်မာနိုင်ငံ ပညာရေးစနစ် အဆင့်မြင့်မားရေးနှင့် တိုင်းပြည်တခုလုံး၏ အနာဂတ်အတွက် အလွန်အရေးပါသောကြောင့် ဆန္ဒပြ ကျောင်းသူ၊ ကျောင်းသားများနှင့်အတူ မိမိတို့မှ တသားတည်းရပ်တည်ကြောင်း ကြေညာပါသည်။

အမျိုးသားပညာရေးဥပဒေသည် မြန်မာနိုင်ငံ၏ အနာဂတ်မျိုးဆက်သစ် ရင်သွေးငယ်များဖြစ်သည့် ကျောင်းသူ၊ ကျောင်းသားများနှင့် တိုက်ရိုက်သက်ဆိုင်သောကြောင့် ၄င်းတို့၏ ပညာရေးဥပဒေပြုပြင်ပြောင်းလဲရေး ဆန္ဒဖော်ထုတ်မှုသည် ဆူပူသောင်းကျန်းမှု၊ ဂယက်ရိုက်မှု လုံးဝမဟုတ်ကြောင်း ရှင်းလင်းသည်။ လူငယ်များ၏ ဆန္ဒဖော်ထုတ်မှုအား အသိအမှတ်ပြုရမည့်အစား ဒေသခံအာဏာပိုင်များမှ တာဝန်မဲ့စွာ ပိတ်ဆို့တားမြစ်နေမှုသည် ဒီမိုကရေစီရေးပြုပြုပြောင်းလဲရေးများလုပ်ဆောင်မည်ဟု ကြေညာနေသော လက်ရှိအစိုးရ၏ ကတိကဝတ်များကို ဖောက်ဖျက်ရာရောက်နေသည်။

ထို့ပြင် ယခင်လုပ်ရိုးလုပ်စဉ်ဖြစ်သည့် အစိုးရမှ ကျောင်းသူကျောင်းသားများ၏ တောင်းဆိုလှုပ်ရှားမှုအပေါ် အကြမ်းဖက်ဖြိုခွင်းခြင်း (သို့မဟုတ်) တာဝန်မဲ့စွာလစ်လျူရှုခြင်း (သို့မဟုတ်) ကျောင်းသားလှုပ်ရှားမှုတွင်ပါဝင်ပတ်သက်သော ကျောင်းသူ၊ကျောင်းသားများအား တိတ်တဆိတ်ခေါ်ဆောင်ကာ ပုဒ်မအမျိုးမျိုးဖြင့် ဖမ်းဆီးထောင်ချခြင်းတို့ လုံးဝမပြုလုပ်ဘဲ အစိုးရအနေဖြင့် ဆန္ဒပြ ကျောင်းသူ၊ ကျောင်းသားများ၏အသံကို အလေးအနက်နားထောင်ရန် မိမိတို့မှ တောင်းဆိုအပ်ပါသည်။

ဆန္ဒပြတောင်းဆိုမှုနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ဦးဆောင်ကျောင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းမှုအပေါ် မိမိတို့မှ အသိအမှတ်ပြုသည်။ သို့သော် ကျောင်းသူ၊ ကျောင်းသားများမှ အဓိကတောင်းဆိုနေသည့် အမျိုးသားပညာရေးဥပဒေ ပြုပြင်ရန်အချက် (၁၁) ချက်အား လက်တွေ့ကျသောပြန်လည်သုံးသပ်မှုများနှင့်အတူ ပြင်ဆင်နိုင်ရန် ကြိုးပမ်းမှုများကိုလည်း အမြန်ဆုံးပြုလုပ်ရန်လိုအပ်ပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် ကျောင်းသားကိုယ်စားလှယ်များနှင့် လက်ရှိဖြစ်ပေါ်နေသည့် ပြဿနာအပေါ် အဓိပ္ပာယ်ရှိရှိ ဆွေးနွေးအဖြေရှာသွားရန် မိမိတို့မှ အလေးအနက် တိုက်တွန်းလိုက်သည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU)